## (၃) ဝစ္စကုဋိဝတ်

ကိုရင် ဗုဒ္ဓရက္ခိတ....ကျင်ကြီးစွန့်သော နေရာကို "ဝစ္စ-ကုဋိ"ဟုရင်း "ကုဋိအိမ်"ဟုရင်း ခေါ်သည်၊ ထိုကုဋိအိမ်သည် ကျောင်းတိုက် ဟူသမျှ၌ မရှိလျှင် မဖြစ်နိုင်သောနေရာ တမျိုးတည်း၊ ထို့ကြောင့် ကုဋိအိမ်၌ ပြုကျင့်ရမည့် ဝတ်ကိုလည်း အထူးမှတ်ပါ။

(၁) ကုဋိအိမ်သို့ ဝင်မည့်ကြံလျှင် အတွင်း၌ လူရှိ-မရှိ သိရအောင် မဝင်မီ "အဟမ်း"ဟု ချောင်းဟန့်လိုက်ပါ၊ အတွင်းမှာရှိလျှင် ထိုသူက ပြန်၍ ချောင်းဟန့်ပါလိမ့်မည်။

(၂) လူမရှိလျှင် အပေါ် ကောသိကို အပြင် သက်န်းတန်း၌ ချထား ပြီးမှ တံခါးကို ဖွင့်၍ မနွေးလွန်း မမြန်လွန်း အတွင်းသို့ ဝင်ပါလေ။ [ကုဋိ အပြင်ဘက်၌ သင်္ကန်း ထားဘို့ရန် တန်းရှိစေရမည်။]

(၃) အတွင်းသို့ ရောက်သောအခါ ခြေနင်းခုံပေါ်၌ ခြေစုံရပ်ပြီးမှ သင်းပိုင်ကို (မ)ရသည်၊ မဝင်မီက သင်းပိုင်ကို (မ)၍ မဝင်ပါလေနှင့်။

(၄) ကျင်ကြီးစွန့်နေစဉ် "အင်းအင်း"ဟု ညည်းသံ ညစ်သံ မမြည်ပါစေနှင့်။

(၅) ကျင်ကြီး စွန့်နေတုန်းမှာ ပါးစပ်ဖြင့် ဒန်ပူကို ကိုက်၍ မထားပါနှင့်။